MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်။

**MTSH နှင့် GCLSI တို့အကြား 200MW နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစီမံကိန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အသိပေးတင်ပြခြင်း။**

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MTSH) သည် မြန်မာနိုင်ငံအတွင်း 100MW အထိရှိသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားစနစ်များ တည်ဆောက် နိုင်ရေး အတွက် ဖြစ်နိုင်စွမ်းဆန်းစစ်ချက် (Feasibility Study) ဆောင်ရွက်ရန် GCLSI နှင့် ချုပ်ဆိုခဲ့သည့် နားလည်မှုစာလွှာ (MOU) သက်တမ်းကုန်ဆုံးခဲ့ပြီးနောက်၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၈) ရက်နေ့တွင် တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့ရှိ Radisson Collection Lingang Shanghai ၌ GCL System Integration Technology Co., Ltd. (GCLSI) နှင့် 200MW Photovoltaic (PV) Power Project အတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Strategic Cooperation Agreement) ကို အခမ်းအနား ဖြင့် အောင်မြင်စွာ လက်မှတ်ရေးထိုးခဲ့ပါသည်။

ဤသဘောတူညီချက်၏ အဓိကရည်ရွယ်ချက်မှာ MTSH ၏ အသုံးမပြုရသေးသော မြေယာ အရင်းအမြစ်များ နှင့် GCLSI ၏ PV Power Project များတွင် ရင်းနှီးမြှုပ်နှံမှု၊ တည်ဆောက်ရေးနှင့် နည်းပညာဆိုင်ရာ အတွေ့အကြုံများကို ပေါင်းစပ်ကာ မြန်မာနိုင်ငံ၌ 200MW စွမ်းအားရှိ နေရောင်ခြည် စွမ်းအင် စီမံကိန်းအား Ground-mounted Centralized Station ပုံစံဖြင့် အဆင့်လိုက် ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ပြီး ပထမအဆင့် ကို ၁ နှစ်အတွင်း စတင်တည်ဆောက်ရန် ရည်မှန်းထားပါသည်။ စီမံကိန်းအတွက် MTSH မှ မြေယာ ရရှိရေး၊ ခွင့်ပြုချက်များရရှိရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းမွန်ရေး တာဝန်ယူမည်ဖြစ်ပြီး GCLSI မှ ငွေကြေးပံ့ပိုးမှုနှင့် ဒီဇိုင်း/တည်ဆောက်ရေးဆိုင်ရာ နည်းပညာများ ပံ့ပိုးပေးမည် ဖြစ်ပါသည်။

ယခုပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်ကုမ္ပဏီဖြစ်သော GCL Group (Golden Concord Holdings Limited) သည် ၁၉၉၀ ပြည့်နှစ်တွင် တည်ထောင်ခဲ့သည့် ဟောင်ကောင်၌ ဌာနချုပ်စိုက်ထားသော သန့်ရှင်း စွမ်းအင် ဆိုင်ရာ နိုင်ငံတကာကုမ္ပဏီကြီး ဖြစ်ပါသည်။ ၎င်း၏ လက်အောက်ခံ ကုမ္ပဏီဖြစ်သည့် GCLSI (Shenzhen Stock Exchange: 002506.SZ) သည် Module ထုတ်လုပ်မှုစွမ်းရည် 30GW နှင့် Cell စွမ်းရည် 10GW ရှိသော ကမ္ဘာ့အဆင့်မီ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်သိုလှောင်မှုစနစ် (ESS) ထောက်ပံ့သူ ဖြစ်ပါသည်။

ဤစွမ်းအင်စီမံကိန်း မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် MTSH နှင့် ၎င်း၏ လက်အောက်ခံ/ တွဲဖက်ကုမ္ပဏီများ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ပြည့်ဝစွာ ဖြည့်ဆည်း ပေးနိုင်မည် ဖြစ်ရုံမျှမက မြန်မာနိုင်ငံအတွင်း လျှပ်စစ်ထုတ်လုပ်မှု စီမံကိန်းများ၏ ဖြစ်နိုင်စွမ်းများကို ပူးပေါင်း ဆန်းစစ် နိုင်ခြင်း နှင့် GCLSI ထံမှ နည်းပညာဆိုင်ရာ အကူအညီများ (Technical Assistance) စနစ်တကျ သင်ယူ ရရှိ နိုင်မည်ဖြစ်ပါသည်။

ထွန်းလွင်
Board Secretary


MCITP
MYANMAR - CHINA INVESTMENT AND TRADE NETWORKING
SUMMIT 2026 SHANGHAI
H